
ယုံချင်ယုံ မယုံချင်ယုံ ငါ မင်းကိုဖမ်းမိပြီ
ဘာသာပြန် စာရေးဆရာ - Marshmallow
(အစဉ်-၄)
(Chapter 31 - 40)

## အပိုင်း(၃၁)

## အလွန်အမင်းမြင့်မြတ်သောအရှိန်အဝါ

စန်ချင်းဘုရားကျောင်းကို ထန်မင်းဆက်တုန်းက ဆောက်လုပ်ထားပြီး ၁၂၆၆နှစ်တိုင်တိုင် တည်ရှိလာခဲ့တာဖြစ်လေသည်။ မင်းဆက်များများကျော်ဖြတ်လာပြီးနောက်၊ အဲ့တာက မြို့တော်ဘေး၌ တည်ရှိနေတုန်းပဲဖြစ်လေသည်။ ဒီအဆောက်အဦး၊ ရှေးဟောင်းမြို့နန်းတော်ထက် အိုဟောင်းနေပြီဖြစ်ပြီး၊ ယဉ်ကျေးမှုအမွေအဖြစ် ကာကွယ်မှုလက်ခံမရရှိနေလေဘူး၊ တစ်ဖက်မှာတော့၊ တာအိုဘုရားကျောင်းအဖြစ် လူပြည့်ကျပ်ပြီး အမွှေးနံ့သာလည်း ပြင်းထန်နေလေသေးသည်။

ဆရာမော်က ဒီဘုရားကျောင်း၏ဆရာဖြစ်လေသည်။

ဆရာမော်က အခုလေးတင် ဒီနေ့ထုံးထမ်းစဉ်လာပြီးသွားခဲ့တာဖြစ်လေတယ်၊ သူ့အခန်းထဲ ပြန်လျှောက်မလာခင်၊ တပည့်ငယ်လေးတစ်ယောက်လျှောက်လာကာ သူ့ကိုပြောလာလေတယ်၊ "ဆရာ၊ မဒမ်လော့ရောက်နေပါတယ်။"

ဆရာမော်ရပ်သွားပြီး မေးလိုက်လေတယ်၊ "သူမဘယ်မှာလဲ?"

"ဧည့်ခန်းမှာ ဆရာ့ကိုစောင့်နေပါတယ်။" တပည့်ငယ်လေး ပြန်ဖြေလာလိုက်လေသည်။

ဆရာမော် သူ့လက်ကိုမြှောက်ကာ သူ့နောက်ကတပည့်ကို သွားခိုင်းလိုက်လေသည်။ သူလှည့်လိုက်ပြီး ဧည့်ခန်းထဲလျှောက်လာလိုက်လေ

သည်။ ပြတင်းပေါက်၌ မဒမ်လော့ရပ်နေတာကို အဝေးကနေ သူမြင်လိုက်လေသည်။

"မဒမ်လော့၊ ဒီနေ့ စန်ချင်းဘုရားကျောင်းကို ဘာကြောင့်လာလည်ပတ်ရတာပါလဲ?" ဆရာမော် အပြုံးနဲ့ ရှေ့တိုးလျှောက်လာလေသည်။

"ဘုရားဝတ်ပြုဖို့လာခဲ့တာ၊ ကျွန်မ ဆရာ့ကိုမနှောက်ယှက်မိဖို့ မျှော်လင့်ပါတယ်။" လော့မင် ပထမဆုံးကံခေခဲ့ချိန်၊ မြို့တော်မှာ နာမည်ကြီးစိတ်တန်ခိုးဆရာတွေကို လော့လင်မယားနှစ်ဦးရှာဖွေခဲ့ကြလေသည်။ အဆုံးမှာတော့၊ စန်ချင်းကျောင်းက ဆရာမော်သာ လော့မင်ရဲ့မကောင်းမှုဝိညာဉ်ကို ဖိနှိပ်ပေးနိုင်လေတယ်၊ ဒါကြောင့် လော့မိသားစုက ဆရာမော်အပေါ် အထင်အမြင်ကောင်းရှိပြီး ယုံကြည်ကြလေသည်။

နှစ်ဦးသား နှုတ်ဆက်လိုက်ကြလေတယ်၊ ထို့နောက် ဧည့်ခန်းထဲ မျက်နှာချင်းဆိုင်ကာ ထိုင်လိုက်ကြလေသည်။

သူမအိတ်ထဲက ပုံသုံးပုံကို မဒမ်လော့ဆွဲထုတ်လိုက်ပြီး စာရွက်နီသုံးရွက်နဲ့ ဆရာမော်ထံ လှမ်းပေးလိုက်ကာ "ဆရာမော်၊ ဒီမိန်းကလေးသုံးယောက်ရဲ့ မွေးနေ့က ကောင်းလား မကောင်းလားဆိုတာ ကျွန်မကိုကူပြီးဖတ်ပေးပါဦး?"

မိန်းကလေးသုံးဦးရဲ့စရိုက်ရှစ်ခုအား မဒမ်လော့ သူ့အားလာဖတ်ခိုင်းလိမ့်မယ်လို့ ဆရာမော် မမျှော်လင့်ထားမိလေဘူး၊ ဒါပေမဲ့ သူမငြင်းလိုက်လေဘူး။ သူစားပွဲပေါ်က စာရွက်နီသုံးခုကိုယူပြီး မိန်းကလေးသုံးယောက်ရဲ့ဓာတ်ပုံကို ကြည့်လိုက်လေသည်။ ဂရုတစိုက်ဖတ်ရှုပြီးနောက်၊ ထို့နောက် သူပြောလိုက်လေတယ်၊ "အင်း၊ ဒီမိန်းကလေးသုံးဦးက ရုပ်ရည်ကောင်းရှိပြီး စရိုက်ရှစ်ခုလည်းကောင်းကြတယ်၊ သူတို့ကံကြမ္မာက ချမ်းသာကြွယ်ဝပြီး ခမ်းနားကြီးကျယ်ကြတယ်။"

"ဒါဆို..." ဆရာမော်အား မဒမ်လော့ စိတ်အားထက်သန်စွာကြည့်လိုက်ပြီး၊ ပိုက်ဆံအိတ်အစွန်းအဖျားကို ဆုပ်ကိုင်ထားတဲ့သူမလက်တွေက ဖြူဖျော့လာလေတယ်၊ "သူတို့သာ လော့မင်နဲ့အတူတူ ဖြစ်သွားမယ်ဆိုရင်..."

ဆရာမော် ရုတ်တရက်ခေါင်းမော့လိုက်ပြီး မဒမ်လော့ကို တအံ့တဩကြည့်လိုက်လေသည်။

"ကျွန်မမှတ်မိသေးတယ်၊ ဆရာ၊ ဆရာအရင်ကပြောဖူးတယ်လေ။" လော့မင် လူတွေနဲ့ အဆက်အသွယ်မလုပ်နိုင်ဘူးလို့ ကြေညာချက်ထုတ်လိုက်ပြီး သူလော့မိသားစုရဲ့ ခြံဝန်းအသေးလေး၌သာ နေနိုင်တယ်လို့ ဆရာမော်ပြောတုန်းက မဒမ်လော့ ရှင်းရှင်းလင်းလင်း မှတ်မိနေလေတယ်၊ "အဲဒီအချိန်တုန်းက၊ ဆရာပြောတာ ကျွန်မသား၊ လော့မင်က မကောင်းမှုဝိညာဉ်တွေနဲ့ ငြိတွယ်နေတယ်၊ အခြားသူရဲ့တည်ရှိမှုကို ဒုက္ခပေးနိုင်တယ်၊ အလွန်အမင်းမြင့်မြတ်တဲ့အရှိန်အဝါရှိတဲ့လူကလွဲပြီး၊ အခြားသူတွေ သူနဲ့နီးနီးကပ်ကပ်နေလို့မရဘူး။"

"အဲဒီအလွန်အမင်းမြင့်မြတ်တဲ့အရှိန်အဝါရှိတဲ့သူက လော့မင်ရဲ့မကောင်းမှုဝိညာဉ်ကို မကြောက်လန့်နိုင်ဘူးလို့ ပြောဖူးတယ်မလား?" မဒမ်လော့ စိတ်အားထက်သန်တဲ့မျှော်လင့်ချက်နဲ့ ပြောလိုက်လေသည်။

"အဲဒီလိုပြောခဲ့တယ်၊ ဒါပေမဲ့ မင်းလုပ်ရပ်က..." ဆရာမော် ခန့်မှန်းကြည့်လိုက်လေတယ်၊ "ဒီသုံးယောက်ထဲက တစ်ယောက်ကို လော့မင်ရဲ့ဇနီးဖြစ်စေချင်တာလား?"

"ဟုတ်တယ်။" မဒမ်လော့ သူမရည်ရွယ်ရင်းကို မဖုံးကွယ်ထားလေဘူး။

"မဒမ်လော့၊ မင်းအတွေးအကြောင်း မင်းလော့မင်ကို မေးခဲ့ပြီးပြီလား?" ဆရာမော် သက်ပြင်းချကာ မေးလိုက်လေသည်။

"မမေးရသေးဘူး။" မဒမ်လော့ပြောလိုက်လေတယ်၊ "ဆရာမော်၊ ဒီမိန်းကလေးသုံးယောက်ထဲက တစ်ယောက်ယောက်က လော့မင်နဲ့ အဆက်အသွယ်လုပ်လို့ဖြစ်နိုင်မလားဆိုတာကိုပဲ ဆရာပြောဖို့လိုတာပါ။ အခြားကိစ္စတွေ ဆရာဂရုစိုက်ဖို့မလိုပါဘူး၊ ကျန်တာတွေ ကျွန်မဂရုစိုက်လိုက်ပါ့မယ်။"

ဆရာမော် သူ့ဘာသာသူ အချိန်တော်တော်ကြာ တီးတိုးရေရွတ်လိုက်လေတယ်၊ ဒါပေမဲ့ မဒမ်လော့ရဲ့ သူမသားအပေါ်အချစ်ကို သူအနိုင်မယူနိုင်သေးလေဘူး။ သူ ကလေးမျက်နှာနဲ့၊ ဆံပင်ရှည်ရှိတဲ့မိန်းကလေးကို လက်ညှိုးထိုးလိုက်ပြီး ပြောလိုက်လေတယ်၊ "ဒီအမျိုးသမီးရဲ့ကံကြမ္မာက လော့မင်သာ ကျောက်စိမ်းချိပ်ကောက်ကို ဝတ်ဆင်ထားမယ်ဆိုရင် သူ့ မကောင်းမှုဝိညာဉ်ကို သူမတောင့်ခံနိုင်လိမ့်မယ်။"

မဒမ်လော့ တစ်ချက်ကြည့်လိုက်တော့ အဲ့တာက ကျန်းစီချီ၊ ကျန်းဟိုက်စီရင်စု ပြည်နယ်ရေးအုပ်ချုပ်ရေးမှူးရဲ့ သမီးဖြစ်နေတာကို တွေ့လိုက်လေသည်။

"နောက်တစ်မျိုးပြောရရင်၊ လော့မင်ရဲ့ကျောက်စိမ်းချိပ်ကောက် မဖယ်လိုက်တာနဲ့၊ သူမနဲ့သူ ပုံမှန်အတိုင်းနေနိုင်တယ်လို့ ပြောချင်တာလား?" မဒမ်လော့ အတည်ပြုရန်မေးလိုက်လေသည်။

"လော့မင်ရဲ့မကောင်းမှုဝိညာဉ်သာ ထိန်းချုပ်မှု မလွတ်ထွက်သွားဘူးဆိုရင်ပေါ့။" အဲ့တာက အန္တရာယ်များနေသေးတယ်ဆိုတာ ဆရာမော် ရှင်းရှင်းလင်းလင်းဖြစ်အောင်လုပ်လိုက်လေသည်။

"ကျွန်မနားလည်ပါတယ်၊ ကျေးဇူးတင်ပါတယ်ဆရာမော်။" မဒမ်လော့ သူလိုချင်တဲ့အဖြေကို ရသွားခဲ့လေပြီ။ သူမစားပွဲပေါ်က ဓာတ်ပုံတစ်ခုချင်းစီ သိမ်းလိုက်ပြီး စိတ်လှုပ်တရှား လျှောက်ထွက်လာလိုက်လေသည်။

ဆရာမော် ယဲ့ယဲ့လေးသက်ပြင်းချလိုက်လေသည်။ မဒမ်လော့က ဒီကိစ္စကို အများကြီးတွေးထားလေတယ်၊ ဒါပေမဲ့ လော့မင်က ဘယ်လိုလုပ်အလွယ်တကူသဘောတူမှာလဲ? ဒီကလေးက အရင်ကတည်း သူ့ကိုယ်သူ သေချာချင့်တွက်ထားပြီးသားဖြစ်လေသည်။

မဒမ်လော့ ဘုရားကျောင်းကနေ လျှောက်ထွက်လာလိုက်ပြီး ကားထဲဝင်လာလိုက်လေသည်။ ကျန်းစီချီရဲ့ဓာတ်ပုံကို နှစ်သက်တဲ့အပြုံးတစ်ခုနဲ့ သူမကြည့်လိုက်လေသည်။ နှစ်အတော်ကြာပြီးနောက်၊ လော့မင်သူတို့နဲ့ video callခေါ်ဆိုပြီးတိုင်း၊ မိသားစုရဲ့ အငယ်လေးတွေအား အကြံတစ်ခုနှစ်ခုပေးလေ့ရှိလေတယ်၊ သူ့မျက်လုံးထဲက ချစ်ခင်နှစ်သက်တဲ့ အလင်းရောင်ဖျော့ဖျော့လေးကို မဖုံးကွယ်ထားနိုင်လေဘူး။

လော့မင်က ကလေးတွေကို နှစ်သက်ပြီး အိမ်လိုချင်နေလေသည်။ မဒမ်လော့ သူမသားအား သာမန်လူတွေလို နွေးထွေးတဲ့အိမ်ကလေးရှိစေချင်လေသည်။ သူက ကောင်းမွန်ပြီး ကြင်နာတတ်တဲ့လူတစ်ဦးဖြစ်လေတယ်၊ ဒီလိုမျိုး ရက်တွေကို ဘာလို့များကုန်ဆုံးစေရမှာလဲ? သူမက ကံစီမံရာပဲဆိုပြီး လက်မခံနိုင်လေဘူး၊ ပြီးတော့ သူမသား တစ်ဘဝလုံး ဒီလိုနေသွားမယ်လို့လည်း သူမမယုံကြည်နေလေဘူး။

ဒါကြောင့်၊ ဒီနှစ်တွေအတွင်း၊ တစ်နိုင်ငံလုံးက သင့်တော်တဲ့လူရှာဖို့အတွက် သူမအဆက်အသွယ်အားလုံးအား မဒမ်လော့စုစည်းခဲ့လေပြီး၊ ဒီသုံးယောက်က သူမရှာတွေ့လာတဲ့ အသင့်တော်ဆုံး လူသုံးဦးဖြစ်လေသည်။ ဆရာမော်ဆီမလာခင်၊ ဒီမိန်းကလေးသုံးယောက်ရဲ့ ဇာတာခွင်အား တစ်ယောက်ယောက်ကို ဖတ်ရှုခိုင်းပြီးပြီဖြစ်လေသည်။ သူတို့ကံကြမ္မာတွေက သေချာပေါက် သံသယရှိစရာမလိုလေဘူး၊ ဒါပေမဲ့ လော့မင်ရဲ့ မကောင်းမှုဝိညာဉ်ကို တောင့်ခံနိုင်ရဲ့လားဆိုတာတော့ မသေချာနေလေဘူး၊

ဒီတော့ သူမ ဆရာမော်ထံလာပြီး ကောက်ချက်ချခိုင်းတော့တာဖြစ်လေသည်။

ပြီးတော့ ဒီနေ့...

တစ်ဖက်မှာ ကျန်းစီချီရဲ့ဓာတ်ပုံကို မဒမ်လော့ကိုင်ထားကာ၊ အခြားတစ်ဖက်နဲ့ ဖုန်းကိုဖွင့်လိုက်ပြီး ခေါ်လိုက်လေတယ်၊ "စီချီ၊ အန်တီလော့ပါ၊ ဒီနေ့ အိမ်လာပြီး လက်ဖက်ရည်သောက်ဖို့ အချိန်ရှိမလားကွဲ့..."

တစ်ပတ်ကြာပြီးနောက်၊ စာဖတ်ခန်းထဲ သူ့ဒီဇိုင်းသစ်ရဲ့ ဒေတာတွေအား လော့မင်စစ်ဆေးနေချိန် ချန်ပင်းရုတ်တရက်ဝင်လာလေသည်။

"မိန်းကလေးရောက်လာလို့လား?" ဒီနေ့ကပိတ်ရက်ဖြစ်လေသည်။ ပိတ်ရက်တိုင်း ချန်းယု အဆောင်ဆွဲရန်နဲ့ အရှိန်အဝါတချို့စုပ်ယူရန် ရောက်လာတတ်လေတယ်၊ ဒီတော့ အဲ့တာက ချန်းယုလို့ လော့မင်အလိုလိုထင်သွားလေသည်။

"မဟုတ်ပါဘူး" ချန်ပင်း သူ့ခေါင်းကိုခါယမ်းလိုက်လေတယ်၊ သူ့မျက်နှာအမူအရာက သူစကားပြောနေချိန် ထူးဆန်းနေလေတယ်၊ "ကျန်းစီချီလို့ခေါ်တဲ့ မိန်းကလေးတစ်ယောက်ပါ။ မဒမ်ဆီက တစ်ခုခုပေးဖို့ သူမလာခဲ့တာလို့ သူမပြောပါတယ်။"

"ကျန်းစီချီ?" လော့မင် မျက်မှောင်ကြုတ်လိုက်လေတယ်၊ "လူတွေ ဒီခြံဝန်းထဲ သာမန်ကာလျှံနေလို့မရဘူးလေ၊ ပစ္စည်းရပြီးတာနဲ့ ဘာလို့သူမကို မင်းတို့လူတွေ အဝေးမပို့လိုက်ရတာလဲ?"

"ဝန်ကြီးချုပ်လော့က သဘောတူထားပါတယ်၊ သူပြောတာက... ဒီမိန်းကလေးကျန်းက မကောင်းမှုဝိညာဉ်သက်ရောက်တာ မခံရနိုင်ဘူးတဲ့။" ကျန်းစီချီ ခြံဝန်းအသေးလေးကိုရောက်လာတော့၊ ဝန်ကြီးချုပ်လော့ရဲ့ ဖုန်း

ကဝင်လာလေသည်။

လော့မင်မျက်နှာအမူအရာက ချက်ချင်းထူးဆန်းသွားလေတော့တယ်၊ သူခဏလောက်တိတ်ဆိတ်သွားကာ၊ သူ့လက်ထဲကဘော့ပင်ကိုချလိုက်ပြီး၊ အောက်ထပ်ကိုဆင်းလာလိုက်သည်။ ဧည့်ခန်းထဲငြိမ်ငြိမ်ထိုင်နေတဲ့ မိန်းကလေးကို သူမြင်လိုက်တော့၊ သူမတတ်နိုက်ဘဲ သူ့ခြေလှမ်းတွေကို နှေးလိုက်လေသည်။

လှေကားပေါ်က ခြေသံတွေကြားချိန် ကျန်းစီချီက ဧည့်ခန်းထဲက ပရိဘောဂတွေအား သေသေချာချာကြည့်ရှုနေတာဖြစ်လေသည်။ သူမ မျက်နှာပေါ် ချိုသာတဲ့အပြုံးနဲ့ ပြုံးကာ လှည့်ကြည့်လိုက်လေတယ်၊ "ရှင်က တတိယအစ်ကိုပဲဖြစ်ရမယ်၊ ကျွန်မက ကျန်းစီချီပါ။"

လော့မင် သူ့ကိုပြုံးပြနေတဲ့ လှပတဲ့မိန်းကလေးဆီ ဖြည်းဖြည်းချင်းသွားလိုက်လေသည်။ သူ့စိတ်ထဲအံ့ဩနေပေမဲ့လည်း၊ သူ့မျက်နှာပေါ်မှာတော့ ယဉ်ကျေးတဲ့အပြုံးဖျော့ဖျော့လေးရှိနေလေတယ်၊ "ဟယ်လို၊ လော့မင်ပါ။"

"ကျွန်မသိပါတယ်၊ အန်တီလော့ အစ်ကို့အကြောင်းပြောထားပါတယ်၊ တတိယအစ်ကို၊ အစ်ကိုက အန်တီပြောတာထက်ပိုချောတာပဲ။" ကျန်းစီချီ ပြောလိုက်တော့၊ ကျန်းစီချီရဲ့မျက်နှာက ပန်းရောင်သန်းလာကာ၊ သူ့လက်ထဲက ပန်းရောင်ခေါင်းအုံးရှည်းအား ဆုပ်ကိုင်လိုက်လေသည်။ သူမ ကြည့်ရတာ ပို၍လှပပုံပေါ်လေသည်။

"ကျေးဇူးတင်ပါတယ်။" လော့မင် ညင်ညင်သာသာပြုံးလိုက်လေတယ်၊ "ကျွန်တော်အမေ တစ်ခုခုပေးဖို့ မင်းကိုဒုက္ခပေးလိုက်တယ်လို့ ကြားမိတာ?"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မလည်းဖြတ်သွားတာပါ။ ကျွန်မ ဒါကိုပို့ဖို့ ရောက်လာတာမဟုတ်ပါဘူး၊ အဲ့တော့ ဒုက္ခမဖြစ်ပါဘူး။" ကျန်းစီချီရှင်းပြဖို့

ကြိုးစားလိုက်လေတယ်၊ ဒါပေမဲ့ သူမပိုကြိုးစားလေ၊ ပိုပြီးသိသာလာလေ ဖြစ်လာတော့သည်။

"စိတ်မလှုပ်ရှားပါနဲ့..." ဒါကရယ်စရာကောင်းတယ်လို့ လော့မင်ထင်လိုက်လေတယ်၊ "ကျွန်တော့အမေ မင်းကိုတစ်ခုခုပို့ခိုင်းလိုက်တာဖြစ်မယ်။"

"အို၊ အဲ့တာ" တစ်ဖက်မှာထားထားတဲ့ အနက်ရောင်စက္ကူအိတ်ကို ကျန်းစီချီ လော့မင်ထံကမ်းပေးလိုက်လေသည်။

လော့မင် စက္ကူအိတ်ကိုယူလိုက်တော့ အထဲမှာနူးညံ့တဲ့အမွှေးနဲ့လုပ်ထားတဲ့ လည်စည်းရှိနေတာကို ရှာတွေ့လိုက်လေသည်။ လော့မင်သူ့မျက်ခုံးတွေကို အံ့သြစွာပင့်လိုက်လေသည်။ သူ့အမေဘာကြောင့် သူစိမ်းတစ်ယောက်အား ခြံဝန်းအသေးလေးဆီ လည်စည်းပို့ခိုင်းလိုက်ရလဲဆိုတာနဲ့ပတ်သတ်ပြီး သူနားမလည်နေလေဘူး။

"ရှင်... ရှင်ကြိုက်ရဲ့လား?" လည်စည်းကိုင်ထားပြီး လော့မင်ဘာတစ်ခုမှ မပြောလေတော့ ကျန်းစီချီမနေနိုင်ဘဲ မေးလိုက်လေသည်။

လော့မင်သတိပြန်ဝင်လာကာ၊ "ဒါပေါ့ ကျွန်တော်ကြိုက်ပါတယ်၊ ဒါပေမဲ့ ဘာလို့ ကျွန်တော့အမေ လည်စည်းထိုးပေးရတာလဲဆိုတာ ကျွန်တော်လည်းမသိဘူး။"

လော့မင်ကြည့်လိုက်လေတော့၊ ဒီမှာလွဲချော်နေတဲ့ အနက်ရောင်ချုပ်ရိုးအနည်းငယ် လည်စည်းပေါ်မှာရှိနေလေတယ်၊ ဒါက အိမ်လုပ်ဆိုတာ သိသာသွားစေလေသည်။

"အဲ့တာ အန်တီလုပ်ထားတာမဟုတ်ဘူး။" ကျန်းစီချီ အသံတိုးတိုးနဲ့ ရေရွတ်လာလေသည်။

လည်စည်းကိုကိုင်ထားတဲ့ လော့မင်လက် တောင့်တင်းသွားလေ

တော့သည်။

"ကျွန်မလုပ်ထားတာ၊ လက်ရာက အရမ်းမကောင်းနေဘူး။" မိန်းကလေးပြောလိုက်ပြီးနောက်၊ သူမလက်တွေက ခေါင်းအုံးရဲ့ အစွန်းအဖျားကို စိတ်လှုပ်တရှားဆွဲနေရင်း သူမခေါင်းကိုငုံ့ထားလိုက်လေတယ်...

လော့မင်ရဲ့အမူအရာ ချက်ချင်းလေးနက်လာလေတော့သည်။ သူကိုင်ထားတဲ့လည်စည်းက စက္ကူအိတ်ထဲပြန်ကျသွားလေသည်။ လော့မင်လို ဉာဏ်ကောင်းတဲ့လူမျိုးက၊ သူ့အမေရဲ့ဆိုလိုရင်းကို ဘယ်လိုလုပ်မနားလည်ဘဲနေမှာလဲ?

ကျန်းစီချီရဲ့စိတ်လှုပ်ရှားပြီး ရှက်သွေးဖြာနေတာကို သူကြည့်လိုက်လေသည်။ ဒါမျိုးက TVတွေထဲမှာသာမြင်နိုင်လေတယ်၊ ဒီလိုအဖြစ်အပျက်မျိုး တစ်နေ့သူ့ဆီဖြစ်လာလိမ့်မယ်လို့ လော့မင်မမျှော်လင့်ထားမိလေဘူး။

အမေဘာတွေတွေးနေတာလဲ? ငါ့ထူးခြားတဲ့အခြေအနေအကြောင်း သူမမေ့သွားပြီလား?

အဲဒီအချိန်၌၊ ချန်းယု သူမအိမ်ကနေခိုးထွက်လာဖို့ အကြောင်းပြချက်ရှာတွေ့သွားလေသည်။ သူမ လော့မိသားစုခြံဝန်းအသေးလေးဆီ မြန်မြန်ပြေးလာလိုက်ပြီး ဧည့်ခန်းထဲ တည့်တည့်မတ်မတ်ဝင်ချလာလိုက်လေသည်။

"တတိယအစ်ကို၊ ညီမရောက်လာပြီ!" လော့မင်ကိုမြင်လိုက်တော့ ချန်းယုပျော်ပျော်ရွှင်ရွှင်အော်လိုက်လေသည်။

ချန်းယုကိုမြင်လိုက်တော့၊ လော့မင်ရဲ့လေးနက်တဲ့အမူအရာက ပြေလျော့လာလေတော့သည်။ ကျန်းစီချီလည်း သိချင်စိတ်နဲ့ကြည့်လိုက်လေတယ်၊အထက်တန်းကျောင်းသူနဲ့တူတဲ့ မိန်းမငယ်လေးကိုသူမမြင်လိုက်

တော့၊ သူမ စိတ်သက်သာရာရတဲ့အနေနဲ့ သက်ပြင်းချလိုက်လေသည်။

"အို... ဒီမှာ ညွှေ့သည်ရှိဖို့ဆိုတာ အတော်ရှားတာပဲ။" ချန်းယု ကျန်းစီချီကို မြင်လိုက်လေသည်။ လူတွေရဲ့အရှိန်အဝါကိုကြည့်ရာမှာ ချန်းယု ပညာရှင်တစ်ဦးမဟုတ်ပေမဲ့လည်း၊ ကျန်းစီချီရဲ့တစ်ကိုယ်လုံးက မြင့်မြတ်ပြင်းထန်တဲ့အရှိန်အဝါအလင်းနဲ့ကာရံထားပြီး လော့မိသားစုခြံဝန်းအသေးလေးထဲက သွေးနီရောင်မကောင်းမှုအရှိန်အဝါတွေ သက်ရောက်တာသူမ မခံစားရလေဘူး။ ဒါကိုချန်းယုမြင်လိုက်တော့၊ သူမမျက်နှာက ဖြည်းဖြည်းချင်း အံ့သြတဲ့ပုံစံပြသလာလေသည်။

"ဟယ်လို၊ ကျွန်မနာမည် ကျန်းစီချီပါ။" လော့မင်နဲ့ ချန်းယုကြည့်ရတာ ရင်းနှီးပုံပေါ်လေတာကြောင့်၊ ကျန်းစီချီ အရင်နှုတ်ဆက်လိုက်လေသည်။

"ချန်းယုပါ။" ချန်းယုပြုံးလိုက်ပြီး ခေါင်းညိတ်ပြလိုက်လေတယ်။ သူမမျက်လုံးတွေကတော့ ကျန်းစီချီနဲ့လော့မင်အား အပြန်ပြန်အလှန်လှန်ကြည့်နေလေသည်။ အားလုံးကိုမြင်နေရတယ်လို့ထင်ရတဲ့သူမမျက်လုံးတွေက ကျန်းစီချီကို မရှင်းပြနိုင်လောက်အောင် ရှက်ရွံ့သွားစေလေသည်။

စိတ်မကြည်တဲ့အနေနဲ့ လော့မင် ချန်းယုရဲ့ခေါင်းကိုခေါက်လိုက်ပြီး၊ "မင်း ဘာတွေကြည့်နေတာလဲ? အပေါ်တက်သွားချည်။"

ချန်းယု သူမခေါင်းကိုဆုပ်ကိုင်လိုက်ပြီး ဒုတိယထပ်ကို ပြေးသွားလိုက်လေသည်။ တစ်ဝက်လောက်ကိုရောက်တော့၊ သူမခေါင်းကို ရုတ်တရက်လှည့်လိုက်ကာ၊ သူမလျှာကိုထုတ်ပြီး လော့မင်ကိုပြုံးပြလိုက်လေတယ်၊ "ဒါ blind dateလုပ်နေတာမဟုတ်ဘူးလား? အစ်ကိုမမြင်စေချင်ဘူးဆိုရင်တောင်မှ၊ အစ်ကို blind dateလုပ်နေတယ်ဆိုတာ လူတိုင်းသိပါတယ်နော်။"

သူမဒီနေ့လာရတာရဲ့ ရည်ရွယ်ချက်ကို ကျန်းစီချီသိနေပေမဲ့လည်း၊

သန့်စင်ပြီးဆွဲဆောင်မှုရှိတဲ့ တတိယသခင်လေးကိုမြင်လိုက်ချိန် သူမ ချစ်ကြိုက်မိသွားလေတော့သည်။ သို့သော်၊ ရုတ်တရက်ထုတ်ပြောခံရတာက ကျန်းစီချီကို မနေနိုင်ဘဲ ရှက်ရှက်ရွံ့ရွံ့ခေါင်းငုံ့သွားစေလေတော့သည်။

လော့မင်အစောတုန်းက ပြေလျော့လိုက်တဲ့နဖူးရိုးက ချက်ချင်းပြန်တွန့်သွားလေသည်။ သို့သော်၊ ပြဿနာကောင်လေးက အော်လိုက်ပြီး၊ လှည့်ကာ လျင်လျင်မြန်မြန်ပြေးသွားလေပြီ ဒီတော့ သူစိတ်မတိုနိုင်လေတော့ဘူး။ ကျန်းစီချီရဲ့ရှက်ရွံ့နေတဲ့မျက်နှာကို မြင်လိုက်တော့ လော့မင်ခေါင်းက ပိုတောင်ကြီးလာလေတော့သည်။ [T/N: ခေါင်းကိုက်တာ]

"တောင်းပန်ပါတယ်။" သူ့လက်ထဲက စက္ကူအိတ်ကိုပြန်ပေးလိုက်ရင်း လော့မင်ပြောလိုက်လေတယ်၊ "မိန်းကလေးကျန်းဆီက ဒီလက်ဆောင်ကို ကျွန်တော်လက်မခံနိုင်ပါဘူး။"

"ဘ...ဘာလို့လဲ? ရှင်မကြိုက်ဘူးလား?" ကျန်းစီချီဝေခွဲမရဖြစ်နေလေသည်။

"မိန်းကလေးကျန်း၊ ဒါကို ကျွန်တော်အမေလုပ်ပေးလိုက်တာလို့ ကျွန်တော်ထင်သွားလို့ပါ... မင်းနားလည်တယ်မလား?" လော့မင် အရိပ်အမြွက်ပေးလိုက်လေတယ်၊ သူ့စကားက တစ်ဖက်လူကိုမထိခိုက်သွားစေရန် ကြိုးစားလိုက်လေသည်။

"ကျွန်မ... နားလည်ပါပြီ။" ကျန်းစီချီမျက်နှာ ခဏလောက်နီရဲလာပြီး ခဏနေတော့ပြန်ဖြူလာလေသည်။ နောက်ဆုံးတော့၊ သူမမျက်နှာပေါ် မျက်ရည်ကျလာလေသည်။ သူမအံကြိတ်လိုက်ပြီး ဧည့်ခန်းထဲကပြေးမထွက်သွားခင် စက္ကူအိတ်ကိုဆုပ်ကိုင်သွားလိုက်လေသည်။

"ချန်ပင်း၊ မိန်းကလေးကျန်းကို ပြန်ပို့ဖို့တစ်ယောက်ယောက်လွှတ်လိုက်။"

လော့မင်အမိန့်ပေးပြီးနောက်၊ သူလှည့်လိုက်ပြီး ပန်းရောင်ခေါင်းအုံးကို ဆိုဖာပေါ်ပြန်ပစ်တင်လိုက်လေတယ် သူ့မိဘတွေဘာတွေလုပ်နေလဲဆိုတာ သူတကယ်ကိုနားမလည်နေလေဘူး။ သူတို့သားအတွက် blind dateစီစဉ်ပေးတာ? ပြီးတော့ သူ့ကိုလက်ထပ်ခိုင်းမလို့?

"မကြိုက်ဘူးဆိုလည်း မကြိုက်ဘူးပေ့ါ၊ ဘာလို့ညီမခေါင်းအုံးကို ပစ်ပေါက်နေရတာလဲ အာ?" ဒုတိယထပ်က လက်ရန်းကိုမှီပြီး သူမခေါင်းအုံး လက်ခံရရှိတဲ့ မမျှတမှုကို အတွန့်တက်ပြောဆိုလိုက်လေသည်။

"မဟုတ်တာတွေမပြောနဲ့။" လော့မင် စိတ်မကြည်စွာပြောလိုက်လေသည်။

"ဘာမဟုတ်တာတွေ ညီမပြောနေလို့လဲ?" ချန်းယု ခဏတဖြုတ်လောက်တွေးလိုက်ပြီး ပြောလိုက်လေတယ်၊ "တတိယအစ်ကို၊ အစ်ကိုမတွေးကြည့်ဖူးဘူးလား? အဲဒီအမျိုးသမီးက လှပါတယ်၊ ပြီးတော့ သူ့အရှိန်အဝါကလည်း အရမ်းကောင်းတယ်။ အစ်ကို့ကိုယ်ထဲက မကောင်းမှုဝိညာဉ်သာ မဆိုးသွားဘူးဆိုရင်၊ သူမနဲ့နေတာလည်း မဆိုးပါဘူး။"

"မင်းကိုယ်ထဲ မကောင်းမှုဝိညာဉ်ရှိနေတယ်၊ မင်းကံကလည်း အခြားသူတွေကကံတည်ရှိမှုကို ပျက်စီးစေနိုင်တယ်။ အလွန်အမင်းမြင့်မြတ်တဲ့ အရှိန်အဝါရှိသူတွေသာ မင်းနဲ့နီးနီးနေလို့ရတယ်၊ ဒါပေမဲ့ ကား ဒီလူလူမျိုးက တကယ်ကိုရှားလှတယ်။" လွန်ခဲ့တဲ့ဆယ်နှစ်တုန်းက ဆရာမော်သူ့ကိုပြောခဲ့တာအား လော့မင်ရုတ်တရက်သတိရသွားလေသည်။

"မဆိုးသွားဘူးဆိုရင်? ဒါဆို ဆိုးသွားမယ်ဆိုရင်ကော?" လော့မင်မေးလိုက်လေသည်။

"အဲ့တာက... ညီမလည်းမသိဘူး။ နောက်တကြိမ် သူမလာရင် အစ်ကို့ကျောက်စိမ်းချိပ်ကောက်ကို ဖြည်ကြည့်မယ်ဆိုရင်ကော ညီမကူရှာပေးမယ်

လေ။" ချန်းယုပြောလိုက်လေသည်။

လော့မင်ရဲ့မျက်လုံးတွေ တုန်ခါသွားကာ၊ သူချန်းယုကိုကြည့်လိုက်ပြီး လေးနက်တဲ့အသံနဲ့မေးလိုက်လေတယ်၊ "မင်းဆိုလိုတာက၊ ငါကျောက်စိမ်း ချိပ်ကောက်ဖြည်လိုက်ရင် သူမသက်ရောက်ခံရမယ်ဆိုတာလား?"

"ဒါပေါ့။" ချန်းယုဂုဏ်ယူစွာပြောလိုက်လေတယ်၊ "ကမ္ဘာပေါ်မှာ ညီမလို အစ်ကို့မကောင်းမှုဝိညာဉ်ကို မကြောက်တဲ့လူတွေ အများကြီးရှိမယ်လို့ အစ်ကိုထင်နေတာလား?"

လော့မင်မျက်မှောင်တင်းတင်းကြုပ်လိုက်လေသည်။

"ဒါပေမဲ့ အစ်ကို့ blind dateမအောင်မြင်သွားလို့ ညီမနည်းနည်းပျော် တယ်။" ချန်းယုတခစ်ခစ်ရယ်လိုက်လေသည်။

လော့မင် တအံ့တသြကြည့်လာလိုက်လေသည်။

"အစ်ကိုသာ လက်ထပ်သွားမယ်ဆိုရင်၊ ညီမဒီကိုလာလို့ရမှာမဟုတ် တော့ဘူး၊ သံသယမဝင်အောင် ရှောင်ကြည်ရတော့မှာပဲ။" ချန်းယုလေး လေးနက်နက်ပြောလိုက်လေသည်။

"မင်းအများကြီးနားလည်နေတာပဲ!" လော့မင်စိတ်တိုနေလေတယ် ဒါပေမဲ့ ရယ်စရာကောင်းတယ်လို့လည်း သူတွေးမိနေလေသည်။

စာရေးသူ၏မှတ်စာ:

ရှီချီ: အစ်ကိုလက်ထပ်လို့မရဘူးနော်!

တတိယသခင်လေး: ဘာလို့လဲ?

ရှီချီ: အစ်ကို့ကို ညီမအတင်းအကြပ်မနမ်းရသေးဘူးလေ အာ...

***